Australian Government
Department of Home Affairs

# နိုင်ငံခြားမှလျှောက်မည့် လူသားချင်းစာနာမှုဗီဇာလျှောက်လွှာ လိုအပ်ချက်များ

နိုင်ငံခြားမှလျှောက်မည့် လူသားချင်းစာနာမှုဗီဇာအတွက် သင့်လျှောက်လွှာသည် စိစစ်ဆဲ ဖြစ်ပါသည်။ သင့်လျှောက်လွှာကို ဆက်လက်အကဲဖြတ်ရန်၊ သင် ဆေးစစ်ရန် လိုအပ်ပြီး၊ သင်၏ ခန္ဓာကိုယ်အချက်အလက်များ ပေးအပ်ရန်လည်း လိုအပ်ပါသည်။

ဩစတြေးလျအစိုးရသည် နိုင်ငံခြားမှလျှောက်မည့်လူသားချင်းထောက်ထားမှုအစီအစဉ်ကို ပံ့ပိုးကူညီရန် ၎င်း၏ကန်ထရိုက်တာအဖြစ် Toll Transport Pty Ltd (Toll) ကို ပြည်ထဲရေးဌာနမှတဆင့် တာဝန်ပေးခဲ့ပါသည်။

သင်၏ Toll တာဝန်ခံသည် သင့်ဆေးစစ်မှုနှင့် ခန္ဓာကိုယ်အချက်အလက်များရယူရန်အတွက် သင့်အား ဆက်သွယ်၍ ရက်ချိန်းများ ပေးပါမည်။

အကယ်၍ သင်သည် အောက်ပါ နိုင်ငံခြားမှလျှောက်မည့် လူသားချင်းစာနာမှုဗီဇာခွဲတစ်ခုကို လျှောက်ထားပါက

- ဒုက္ခသည် (ဗီဇာခွဲ ၂၀၀)
- နိုင်ငံတွင်း အထူးလူသားချင်းစာနာမှု (ဗီဇာခွဲ ၂၀၁)
- အရေးပေါ်ကယ်ဆယ်ရေး (ဗီဇာခွဲ ၂၀၃) သို့မဟုတ်
- အန္တရာယ်ရှိအမျိုးသမီး (ဗီဇာခွဲ ၂၀၄)

ဆေးစစ်မှုများ၊ ခန္ဓာကိုယ်အချက်အလက်များရယူခြင်း (လိုအပ်ပါက)၊ ရက်ချိန်းအသွားအပြန်နှင့် ရက်ချိန်းအတွက် တည်းခိုစရိတ်စသော ကုန်ကျငွေများကို ဤဌာနမှ ကျခံပါမည်။

အကယ်၍ သင်သည် နိုင်ငံတကာ အထူးလူသားချင်းစာနာထောက်ထားမှု (ဗီဇာခွဲ ၂၀၂) အတွက် လျှောက်ထားပါက၊ ဤဌာနသည် ဆေးစစ်ရန် နှင့် ခန္ဓာကိုယ်အချက်အလက်များရယူရန် ရက်ချိန်းများအတွက် ခရီးသွားစရိတ်များကို ပေးဆောင်ပါမည် (ခန္ဓာကိုယ်အချက်အလက်များရယူရန် ကုန်ကျစရိတ်ကို သင် သို့မဟုတ် သင့်အတွက်လျှောက်ထားသူမှ ပေးရပါမည်)။ အကယ်၍ သင်သည် ဒီအန်အေစစ်ဆေးရန် လိုအပ်ပါက ခရီးစရိတ်၊ တည်းခိုစရိတ်နှင့် ဒီအန်အေစစ်ဆေးခြင်းတို့အတွက် ကုန်ကျစရိတ်များကို ဤဌာနမှ မပေးဘဲ သင် သို့မဟုတ် သင့်အတွက်လျှောက်ထားသူမှ ပေးရန် လိုအပ်ပါမည်။ လိုအပ်ပါက အတူလိုက်ပါမည့်ကျန်းမာရေးဝန်ထမ်း၏ ကုန်ကျစရိတ်များကို သင် သို့မဟုတ် သင့်အတွက်လျှောက်ထားသူမှ ပေးရပါမည်။

လိုအပ်သော စစ်ဆေးမှုများကို ဆောင်ရွက်ခြင်းဖြင့် သင်၏လျှောက်လွှာကို ဆပ်လက် စိစစ်နိုင်ပါမည်။